# မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ရာတွင် မှတ်သားရမည့်အချက်

စီးပွားရေးအကျပ်အတည်းရင်ဆိုင်နေကြရသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ ပုံစံပြောင်းလဲခြင်းနှင့် ကုန်ကျစရိတ်ဖြတ်တောက်ခြင်းများဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိကြသည်။ အလုပ်အကိုင်အာမခံချက်အခွင့်မရေး ချိုးဖောက်မှုနှင့် အစမ္မအလုပ်ထုတ်ခြင်းကို ရှောင်ရှားနိုင်ဖို့အတွက် အလုပ်ရှင်များမှာ အရွယ်မတိုင်မီ အနားယူစေခြင်း သို့မဟုတ် တခြားနည်းဖြင့် ကာယကံရှင်ကိုယ်တိုင် လက်ခံသော အလုပ်ထုတ်နည်းပုံစံသစ်များကို ပိုမိုသုံး စွဲလာကြပါသည်။

ဒီနေရာတွင် သမဂ္ဂကော်မတီဝင်များအပါအဝင် သမဂ္ဂအဖွဲ့ဝင်များအနေဖြင့် - မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ဖို့နှင့် စောလျင်စွာ အနားယူဖို့ ဖိအားပေးခံနေရသည့်အနေအထားဖြင့် ရင်ဆိုင်နေကြရသည်။

စီးပွားရေးအခြေအနေပေါ်မူတည်ပြီး မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ခြင်း၊ ပိုလျှံဝန်ထမ်းဖြစ်သဖြင့် အလုပ်နားခံရခြင်းနှင့် စောလျင်စွာအနားယူခြင်းဆိုင်ရာ အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုအခွင့်အရေးကို သမဂ္ဂကော်မတီဝင်များ၏ ဆုံးဖြတ်ချက်နှင့်အတူ တဦးချင်း၏ ဆုံးဖြတ်ချက်ကို အပြည့်အဝ အသိအမှတ်ပြုပါသည်။

သမဂ္ဂကော်မတီဝင်များသည် ဦးထုပ်၂ လုံးဆောင်းထားကြသူများအဖြစ် အသိအမှတ်ပြုကြရပါမည်။ သမဂ္ဂကိုယ်စားလှယ်အဖြစ် နှင့် အလုပ်သမားအဖြစ်တို့ ဖြစ်ပါသည်။

သမဂ္ဂကော်မတီဝင်များ မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်သောအခါ၊ စောလျင်စွာ အနားယူသောအခါ လက်ရှိသော်လည်းကောင်း၊ အနာဂတ်သော်လည်းကောင်း သမဂ္ဂဝင်အားလုံးကို ထိခိုက်စေပါသည်။

(က) သမဂ္ဂဝင်များမှာ သမဂ္ဂခေါင်းဆောင်ကို စံထားကာ အနောက်လိုက်တတ်ကြပါသည်။ သမဂ္ဂဝင်များအဖြစ် ဆက်လက်ရပ်တည်ဖို့ စိတ်ပါဝင်စားနေသည့်အခါ မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်စေခြင်း၊ စောလျင်စွာ အနားယူစေခြင်းများကို ငြင်းပယ်ပြီး အလုပ်ပြန်လည်ရရှိဖို့ ကြိုးစားကြလေ့ရှိပါသည်။

(ခ) မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်စေခြင်း၊ စောလျင်စွာ အနားယူစေခြင်းကြောင့်ရရှိသော နစ်နာကြေးများသည် ကာယကံရှင်ဆုံးဖြတ်ချက်အရ သမဂ္ဂကော်မတီဝင်များလက်ခံစေကာမူ အနာဂတ်တွင် ပိုလျှံဝန်ထမ်းလျှော့ချခြင်းနှင့် စောလျင်စွာအနားယူစေခြင်းအားလုံးအတွက် သဘောတူစံနှုန်းဖြစ်လာစေသည်။

(ဂ) သမဂ္ဂခေါင်းဆောင်တစ်ဦးဦးမှ မိမိတို့ ဆန္ဒအလျောက်အလုပ်ထွက်ခြင်း၊ စောလျင်စွာ အနားယူခြင်းကို မိမိဘာသာ လက်ခံသည့်အခါ အလုပ်ရှင်ဘက်မှ အလုပ်သမားအဖွဲ့အစည်းအနေနဲ့ သူတို့သတ်မှတ်ချက်ကို သဘောတူခဲ့ကြောင်း ထောက်ပြပြီး ကျန်အဖွဲ့ဝင်တော်တော်များများကို အလုပ်ထွက်ဖို့ ဖိအားပေးလာနိုင်ပါသည်။

(ဃ) သမဂ္ဂခေါင်းဆောင်တစ်ဦးဦးမှ မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ခဲ့သော အမြဲတမ်းအလုပ်များမှာ လုပ်ငန်း ဆက်လက်လည်ပတ်ခြင်းမရှိတော့ခြင်းကြောင့်ဖြစ်ပါသည်။ လူငယ်အလုပ်သမားများလည်း ထိုအလုပ် ဆက်လုပ် ခွင့် ရကြမည့်အစား အလုပ်ရှင်များမှ လိုအပ်သောနေရာများတွင် နေ့စားများကိုသာ ခေါ်သုံးကြကာ ပေါင်းစပ်လုပ်ကိုင် စေသဖြင့် အလုပ်ဆက်လုပ်နေကြရသော သမဂ္ဂဝင်များကို အလုပ်ဝန် ပိုစေပါသည်။

ထိုအခြေအနေကို ကြည့်ခြင်းအားဖြင့် မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ဖို့၊ စောလျင်စွာ အနားယူဖို့ သဘောတူညီချက်မရမီ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ကော်မတီနှင့် အရင်ဆုံး တိုင်ပင်ဆွေးနွေးကြရမည်။ ထိုဆုံးဖြတ်ချက်သည် တစ်ဦးတစ်ယောက်ဆုံးဖြတ်ချက်မဟုတ်ပဲ သမဂ္ဂဆုံးဖြတ်ချက် ဖြစ်ရသည်။

မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ဖို့၊ စောလျင်စွာ အနားယူဖို့ မိမိဘာသာဆုံးဖြတ်ထားသော အဖွဲ့ဝင်များသည် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာဆုံးဖြတ်ချက်သာဖြစ်ပြီး နှစ်ဖက်ခွကာ အဖွဲ့အစည်းကို ကိုယ်စားမပြုဖို့လည်း အရေးကြီး ပါသည်။

မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ဖို့၊ စောလျင်စွာ အနားယူဖို့ မိမိဘာသာဆုံးဖြတ်လိုသော အဖွဲ့ဝင် တဦးတယောက်သည် သမဂ္ဂကော်မတီဝင်အဖြစ်မှ အရင်ဆုံး နှုတ်ထွက်သင့်ပါသည်။ သည်နည်းဖြင့် အဖွဲ့အစည်းအတွက် ကိုယ်စားမပြုတော့ပဲ မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ဖို့၊ စောလျင်စွာ အနားယူဖို့ အစီအစဉ်များကို မိမိဆုံးဖြတ်ချက်ဖြင့် လက်ခံနိုင်ပါသည်။

မိမိတို့ ဆန္ဒအလျောက် အလုပ်ထွက်ခြင်း၊ စောလျင်စွာ အနားယူခြင်းကို လက်မခံခြင် သမဂ္ဂကော်မတီဝင်အဖြစ်မှ အနားယူလိုက်ခြင်းအားဖြင့် သမဂ္ဂဝင်များအပေါ် အကျိုးသက်ရောက်မှု လျော့ပါးစေမည် ဖြစ်ပါသည်။

ထိုသို့ လုပ်ခြင်းဖြင့် တခြားသမဂ္ဂအဖွဲ့ဝင်များအား အဖွဲ့ဝင်အားလုံးကို ကိုယ်စားပြုမည့် သမဂ္ဂကော်မတီဝင်သစ် ရွေးကောက်တင်မြှောက်ခွင့်ကိုလည်း ရစေမည်ဖြစ်ပါသည်။ သို့မှသာ အလုပ်အကိုင်အာမခံချက်နှင့် အဖွဲ့ဝင်များ၏ သုခအတွက် ဆက်လက် ကြိုးပမ်းလုပ်ဆောင်နိုင်ပါမည်။

ကျွန်ုပ်တို့ အဖွဲ့ဝင်များ၏ အခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်ဖို့ ကျွန်ုပ်တို့ စွမ်းဆောင်ရည်တွေ ရှိကြဖို့ အရေးကြီးပါသည်။ ဒါက ကျွန်ုပ်တို့၏ သမဂ္ဂအနာဂတ်အတွက် အရေးကြီးလို့ပါပဲ။

============